# နိုင်ငံရေးပင်စင်ဥပဒေ

# နိုင်ငံရေးပင်စင် ဥပဒေ

[၁၉၇၀ပြည့်နှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေ အမှတ် ၄ ]

## နိဒါန်း

၁၉၄၆ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့တွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ် အောင်ဆန်းကိုယ်တိုင် ပါဝင်ဖွဲ့စည်းခဲ့သော အစိုးရအဖွဲ့မှစ၍ နိုင်ငံရေး တာဝန်ကြီးများကို ထမ်းဆောင်ပြီး တာဝန်မှ အနားယူသည့် ပြည်သူ့ကိုယ်စားလှယ်များနှင့် အခြားချီးမြှင့်ထိုက်သော ပုဂ္ဂိုလ်များအား နိုင်ငံရေးပင်စင် ချီးမြှင့်ထိုက်သည့်အလျောက် ပြည်သူ့လွှတ်တော်သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်၊ အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို နိုင်ငံရေးပင်စင်ဥပဒေ ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ၁၉၈၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့မှ စတင် အာဏာတည်စေရမည်။

၃။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်—

(က) နိုင်ငံရေးပင်စင် ဆိုရာတွင် နိုင်ငံရေး တာဝန်ထမ်းဆောင်သဖြင့် ဤဥပဒေအရ ချီးမြှင့်သော အောက်ပါ ခံစားခွင့်တို့ ပါဝင်သည်—

(၁) နိုင်ငံရေးလစဉ်ပင်စင်၊

(၂) နိုင်ငံရေးဆုငွေ၊

(၃) အခြားထောက်ပံ့မှုများ။

(ခ) နိုင်ငံတော် အဖွဲ့အစည်းများ ဆိုသည်မှာ အောက်ပါ အဖွဲ့အစည်းတို့ကိုဆိုသည်—

(၁) ဗိုလ်ချုပ် အောင်ဆန်း စတင် ခေါင်းဆောင်သော အစိုးရအဖွဲ့၊

(၂) တိုင်းပြည်ပြုလွှတ်တော်၊ ပါလီမန်နှင့် အစိုးရအဖွဲ့၊

(၃) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊

(၄) ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး အစိုးရ၊

(၅) ပြည်သူ့လွှတ်တော်၊ နိုင်ငံတော်ကောင်စီ၊ ဗဟိုနှင့် ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများ၊

(ဂ) နိုင်ငံရေးအဖွဲ့အစည်းများ ဆိုသည်မှာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီနှင့် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၏ ဦးဆောင်မှုဖြင့် ဖွဲ့စည်းသော ပြည်သူ့ တောင်သူလယ်သမားကောင်စီ၊ တောင်သူလယ်သမား အစည်းအရုံး၊ ပြည်သူ့အလုပ်သမားကောင်စီ၊ အလုပ်သမားအစည်းအရုံးနှင့် လမ်းစဉ်လူငယ် အဖွဲ့အစည်းတို့ကိုဆိုသည်၊

(ဃ) လစာ ဆိုသည်မှာ နိုင်ငံရေး အဖွဲ့အစည်းများတွင် တာဝန် ထမ်းဆောင်ခြင်းကြောင့် ရရှိကြသော လစဉ်ထောက်ပံ့ငွေ၊ ပြည်သူ့ကိုယ်စားလှယ်များ ခံစားခွင့် ဥပဒေအရ ရရှိသော လစဉ်ထောက်ပံ့ကြေး၊ ချီးမြှင့်ငွေနှင့် ပြည်သူ့ဝန်ထမ်းများ၏ လခတို့ကိုဆိုသည်။

## အခန်း (၂)

### ၁၉၄၆ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက် နေ့မှ ၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့ထိကာလ

၄။ ဗိုလ်ချုပ်အောင်ဆန်း စတင်ခေါင်းဆောင်သည့် အစိုးရအဖွဲ့တွင် ပါဝင်ခဲ့သော နောက်ဆက်တွဲဇယား(က) ပါပုဂ္ဂိုလ်များသည် အောက်တွင်ယှဉ်ပြပါ နိုင်ငံရေးလစဉ်ပင်စင်ကို ခံစားခွင့်ရှိသည်—

(က) အစိုးရအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ .... ကျပ် ၂၀၀၀

(ခ) အစိုးရအဖွဲ့၊ အဖွဲ့ဝင် .... ကျပ် ၁၅၀၀

၅။ တိုင်းပြည်ပြုလွှတ်တော်၊ ပါလီမန်နှင့် အစိုးရ အဖွဲ့တွင် ပါဝင်ခဲ့သော အောက်ပါပုဂ္ဂိုလ်များသည်ယှဉ်ပြပါ နိုင်ငံရေးလစဉ်ပင်စင် ကို ခံစားခွင့်ရှိသည်—

(က) တိုင်းပြည်ပြုလွှတ်တော်နှင့် ပါလီမန်

(၁) နိုင်ငံတော် ယာယီသမ္မတ .... ကျပ် ၂၀၀၀
(၂) နိုင်ငံတော် သမ္မတ .... ကျပ် ၂၀၀၀
(၃) တိုင်းပြည်ပြုလွှတ်တော် ဥက္ကဋ္ဌ .... ကျပ် ၁၆၀၀
(၄) လူမျိုးစု လွှတ်တော် နာယက .... ကျပ် ၁၆၀၀
(၅) ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ .... ကျပ် ၁၆၀၀
(၆) တိုင်းပြည်ပြုလွှတ်တော် ဒုတိယဥက္ကဋ္ဌ .... ကျပ် ၁၂၀၀
(၇) လူမျိုးစုလွှတ်တော် ဒုတိယနာယက ကျပ် ၁၂၀၀

(၈) ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ.... ကျပ် ၁၂၀၀
(၉) တိုင်းပြည်ပြုလွှတ်တော်အမတ် .... ကျပ် ၂၀၀
(၁၀) ပါလီမန်အမတ် .... .... ကျပ် ၂၀၀

(ခ) ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့

(၁) ဝန်ကြီးချုပ် .... ကျပ် ၁၈၀၀
(၂) ဒုတိယဝန်ကြီးချုပ် .... ကျပ် ၁၆၀၀
(၃) ဝန်ကြီး .... .... ကျပ် ၁၅၀၀
(၄) ပါလီမန်အတွင်းဝန် .... ကျပ် ၁၀၀၀

(ဂ) ပြည်နယ်အစိုးရအဖွဲ့နှင့် ချင်းရေးရာဌာန

(၁) ပြည်နယ် ဥက္ကဋ္ဌ .... ကျပ် ၁၆၀၀
(၂) ချင်းရေးရာဌာနဝန်ကြီး .... ကျပ် ၁၅၀၀
(၃) ပြည်နယ်ဝန်ကြီး .... ကျပ် ၁၅၀၀
(၄) ပါလီမန်အတွင်းဝန် .... ကျပ် ၁၀၀၀

# အခန်း (၃)

## ၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့မှ ၁၉၇၄ ခုနှစ်၊ ပတ်လ ၂ ရက်နေ့ အထိကာလနှင့် ၁၉၇၄ ခုနှစ်၊ မတ်လ ၂ ရက်နေ့မှ စတင်သည့် ကာလ

၆။ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီနှင့် တော်လှန်ရေးအစိုးရတို့တွင် ပါဝင်ခဲ့သော အောက်ပါပုဂ္ဂိုလ်များသည် ယှဉ်ပြပါ နိုင်ငံရေးလစဉ်ပင်စင်ကို ခံစားခွင့်ရှိသည်—

(က) ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ

(၁) တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ ... ကျပ် ၂၀၀၀

(၂) တော်လှန်ရေးကောင်စီဝင် .... ကျပ် ၁၆၀၀

(ခ) ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ

(၁) အစိုးရအဖွဲ့ဥက္ကဋ္ဌ၊ သို့မဟုတ် ဝန်ကြီးချုပ် .... .... ကျပ် ၁၇၀၀

(၂) အစိုးရအဖွဲ့ ဒုတိယဝန်ကြီးချုပ် .... ကျပ် ၁၆၀၁

(၃) အစိုးရအဖွဲ့တာဝန်ခံ၊ သို့မဟုတ် ဝန်ကြီး .... .... ကျပ် ၁၅၀၀

(၄) အစိုးရအဖွဲ့ ဒုတိယဝန်ကြီး .... ကျပ် ၁၂၀၀

(ဂ) ပြည်နယ်ဦးစီးအဖွဲ့နှင့် ချင်းရေးရာဦးစီးအဖွဲ့

(၁) ဥက္ကဋ္ဌ .... .... ကျပ် ၁၆၀၀

(၂) အဖွဲ့ဝင် .... ... ကျပ် ၁၅၀၀

၇။ ပြည်သူ့လွှတ်တော်၊ နိုင်ငံတော်ကောင်စီ၊ ဗဟိုနှင့် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများတွင် ပါဝင်ကြသော အောက်ပါပုဂ္ဂိုလ်များသည် ယှဉ်ပြပါ နိုင်ငံရေးလစဉ်ပင်စင်ကို ခံစားခွင့်ရှိသည်—

(က) နိုင်ငံတော်ကောင်စီ

(၁) နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ
နိုင်ငံတော်သမ္မတ .... ကျပ် ၂၀၀၀

(၂) နိုင်ငံတော်ကောင်စီအတွင်းရေးမှူး ကျပ် ၁၉၀၀

(၃) နိုင်ငံတော်ကောင်စီဝင် .... ကျပ် ၁၆၀၀

(ခ) ဗဟိုအာဏာပိုင်အဖွဲ့အစည်းဝင်၊ ဒုတိယဝန်ကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

(၁) ဝန်ကြီးချုပ် .... ကျပ် ၁၈၀၀

(၂) ဗဟိုအာဏာပိုင် အဖွဲ့အစည်းဥက္ကဋ္ဌ ကျပ် ၁၈၀၀

(၃) ဒုတိယဝန်ကြီးချုပ် .... ကျပ် ၁၆၀၀

(၄) ဗဟိုအာဏာပိုင်အဖွဲ့အစည်းဝင် ကျပ် ၁၅၀၀

(၅) ဒုတိယ ဝန်ကြီး .... ကျပ် ၁၂၀၀

(၆) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျပ် ၂၀၀

(ဂ) ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီ

(၁) အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ .... ကျပ် ၁၁၀၀

(၂) တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ .... ကျပ် ၁၀၀၀

(၃) လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌ ကျပ် ၁၀၀၀

(၄) အလုပ်အမှုဆောင်အဖွဲ့
အတွင်းရေးမှူး .... ကျပ် ၉၅၀

(၅) အလုပ်အမှုဆောင်အဖွဲ့၊ အဖွဲ့ဝင် .... ကျပ် ၇၅၀

(၆) တရားသူကြီးအဖွဲ့၊ အဖွဲ့ဝင် .... ကျပ် ၇၅၀

(၇) လုပ်ငန်းစစ်ဆေးရေးအဖွဲ့၊ အဖွဲ့ဝင် ကျပ် ၇၅၀

(ဃ) မြို့နယ်ပြည်သူ့ကောင်စီ

(၁) အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ .... ကျပ် ၅၅၀
(၂) တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌ .... ကျပ် ၅၀၀
(၃) လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌ .... ကျပ် ၅၀၀
(၄) အလုပ်အမှုဆောင်အဖွဲ့
အတွင်းရေးမှူး .... ကျပ် ၄၅၀
(၅) အလုပ်အမှုဆောင်အဖွဲ့၊အဖွဲ့ဝင် .... ကျပ် ၄၀၀
(၆) တရားသူကြီးအဖွဲ့၊ အဖွဲ့ဝင် .... ကျပ် ၄၀၀
(၇) လုပ်ငန်းစစ်ဆေးရေးအဖွဲ့၊အဖွဲ့ဝင် .... ကျပ် ၄၀၀

(င) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ

(၁) အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ .... ကျပ် ၁၀၀
(၂) အလုပ်အမှုဆောင်အဖွဲ့
အတွင်းရေးမှူး .... ကျပ် ၈၀

## အခန်း (၄)

## မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၊ အမြဲတမ်းပါတီဝင်ကာလနှင့် ပြည်သူ့ပါတီကာလ

၈။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ အမြဲတမ်း ပါတီကာလတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အောက်ပါပုဂ္ဂိုလ်များသည် ယှဉ်ပြပါ နိုင်ငံရေးလစဉ်ပင်စင်ကို ခံစားခွင့်ရှိသည်—

(က) ပါတီစည်းရုံးရေးဗဟိုကော်မတီ ဥက္ကဋ္ဌ .... ကျပ် ၂၀၀၀

(ခ) ပါတီစည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ .... .... ကျပ် ၂၀၀၀

(ဂ) ဆိုရှယ်လစ်စီးပွားရေးစီမံကိန်း ကော်မတီ ဥက္ကဋ္ဌ .... .... ကျပ် ၂၀၀၀

(ဃ) ပါတီစည်းရုံးရေး ဗဟိုကော်မတီ ဒုတိယ ဥက္ကဋ္ဌ .... .... ကျပ် ၁၈၀၀

(င) ဆိုရှယ်လစ်စီးပွားရေးစီမံကိန်းကော်မတီ ဒုတိယ ဥက္ကဋ္ဌ .... .... ကျပ် ၁၈၀၀

(စ) ပါတီစည်းရုံးရေး ဗဟိုကော်မတီ အတွင်းရေးမှူး .... .... ကျပ် ၁၈၀၀

(ဆ) ပါတီစည်းရုံးရေး ဗဟိုကော်မတီ အထွေထွေ အတွင်းရေးမှူး .... ကျပ် ၁၈၀၀

(ဇ) ပါတီစည်းကမ်း ထိန်းသိမ်းရေးကော်မတီ အတွင်းရေးမှူး .... ကျပ် ၁၈၀၀

(ဈ) ဆိုရှယ်လစ်စီးပွားရေးစီမံကိန်း ကော်မတီ အတွင်းရေးမှူး .... ကျပ် ၁၈၀၀

(ည) ပါတီစည်းရုံးရေး ဗဟိုကော်မတီ
တွဲဖက် အထွေထွေအတွင်းရေးမှူး .... ကျပ် ၁၇၀၀

(ဋ) ပါတီစည်းရုံးရေး ဗဟိုကော်မတီဝင် .... ကျပ် ၁၆၀၀

(ဌ) ပါတီစည်းကမ်းထိန်းသိမ်းရေး
ကော်မတီဝင် .... .... ကျပ် ၁၆၀၀

(ဍ) ဆိုရှယ်လစ် စီးပွားရေးစီမံကိန်း
ကော်မတီဝင် .... .... ကျပ် ၁၆၀၀

(ဎ) ရေးရာဌာနကြီး အတွင်းရေးမှူး .... ကျပ် ၁၆၀၀

(ဏ) ဗဟိုနိုင်ငံရေး သိပ္ပံ ကျောင်းအုပ်ကြီး .... ကျပ် ၁၆၀၀

(တ) တိုင်းကြီး ဥက္ကဋ္ဌ .... .... ကျပ် ၁၂၀၀

(ထ) တိုင်းခွဲဒုတိယ ဥက္ကဋ္ဌ .... ကျပ် ၁၀၀၀

(ဒ) ရေးရာဌာနကြီး လက်ထောက်
အတွင်းရေးမှူး .... .... ကျပ် ၁၀၀၀

(ဓ) ဌာနမှူး .... .... ကျပ် ၁၀၀၀

(န) ဗဟိုနိုင်ငံရေးသိပ္ပံ ဒုတိယ
ကျောင်းအုပ်ကြီး .... ကျပ် ၁၀၀၀

(ပ) ဗဟိုနိုင်ငံရေး သိပ္ပံနည်းပြချုပ် .... ကျပ် ၁၀၀၀

(ဖ) တိုင်းခွဲ အတွင်းရေးမှူး .... ကျပ် ၆၀၀

(ဗ) ရေးရာကော်မတီဝင် .... ကျပ် ၅၀၀

(ဘ) တိုင်းကြီး အတွင်းရေးမှူး .... ကျပ် ၅၀၀

(မ) တိုင်းရေးရာမှူး .... ကျပ် ၅၀၀

(ယ) စည်းရုံးရေးမှူး .... ကျပ် ၅၀၀

(ရ) တိုင်းရင်းသားကေဒါ .... ကျပ် ၃၀၀

(လ) အတွင်းရေးမှူး .... ကျပ် ၃၀၀

(ဝ) ရေးရာမှူး .... ကျပ် ၂၀၀

(သ) ယူနစ်ကေဒါ .... ကျပ် ၁၅၀

၉။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၏ ပြည်သူ့ပါတီ ကာလတွင် တာဝန်ထမ်းဆောင်ကြသော အောက်ပါပုဂ္ဂိုလ်များသည် ယှဉ်ပြပါ နိုင်ငံရေး လစဉ်ပင်စင်ကို ခံစားခွင့်ရှိသည်—

| | | |
|---|---|---|
| (က) | ပါတီဥက္ကဋ္ဌ .... | .... ကျပ် ၂၀၀၀ |
| (ခ) | ပါတီအထွေထွေအတွင်းရေးမှူး | .... ကျပ် ၁၈၀၀ |
| (ဂ) | ပါတီတွဲဖက်အထွေထွေအတွင်းရေးမှူး | .... ကျပ် ၁၇၀၀ |
| (ဃ) | ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် | .... ကျပ် ၁၆၀၀ |
| (င) | ဗဟိုနိုင်ငံရေး တက္ကသိုလ် ကျောင်းအုပ်ကြီး .... | .... ကျပ် ၁၆၀၀ |
| (စ) | ပါတီလုပ်ငန်းစိစစ်ရေးကော်မတီ ဥက္ကဋ္ဌ .... | .... ကျပ် ၁၅၅၀ |
| (ဆ) | ပါတီစည်းကမ်းထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ | .... ကျပ် ၁၅၅၀ |
| (ဇ) | အတွင်းရေးမှူးများ | .... ကျပ် ၁၅၀၀ |
| (ဈ) | ပါတီလုပ်ငန်းစိစစ်ရေး ကော်မတီ အတွင်းရေးမှူး | .... ကျပ် ၁၅၀၀ |
| (ည) | ပါတီစည်းကမ်းထိန်းသိမ်းရေး ကော်မတီ အတွင်းရေးမှူး | .... ကျပ် ၁၅၀၀ |
| (ဋ) | ဗဟိုဌာနမှူးများ .... | .... ကျပ် ၁၅၀၀ |
| (ဌ) | ဗဟိုလုပ်ငန်းအဖွဲ့အစည်းဌာနမှူး | .... ကျပ် ၁၅၀၀ |
| (ဍ) | ဗဟိုနိုင်ငံရေးတက္ကသိုလ် ဒုတိယကျောင်းအုပ်ကြီး | .... ကျပ် ၁၅၀၀ |
| (ဎ) | ဗဟိုရေးရာကော်မတီ အတွင်းရေးမှူး | .... ကျပ် ၁၅၀၀ |
| (ဏ) | ဒေသပါတီ ကော်မတီ ဥက္ကဋ္ဌ | .... ကျပ် ၁၅၀၀ |
| (တ) | ပါတီလုပ်ငန်းစိစစ်ရေး ကော်မတီဝင် | .... ကျပ် ၁၃၀၀ |

(ထ) ပါတီစည်းကမ်းထိန်းသိမ်းရေး
ကော်မတီဝင် .... ကျပ် ၁၃၀၀

(ဒ) ဒေသပါတီကော်မတီ အတွင်းရေးမှူး .... ကျပ် ၁၃၀၀

(ဓ) ဗဟိုရေးရာကော်မတီဝင် .... ကျပ် ၁၂၀၀

(န) သင်ကြားပို့ချရေး ညွှန်ကြားရေးမှူး .... ကျပ် ၁၂၀၀

(ပ) ဒေသပါတီကော်မတီဝင် .... ကျပ် ၁၂၀၀

(ဖ) ဗဟိုကော်မတီဝင် .... ကျပ် ၁၁၀၀

(ဗ) ပါတီယူနစ် ဥက္ကဋ္ဌ .... ကျပ် ၆၀၀

(ဘ) ပါတီယူနစ် အတွင်းရေးမှူး .... ကျပ် ၅၀၀

(မ) ပါတီယူနစ်ကော်မတီဝင်(အချိန်ပြည့်) .... ကျပ် ၄၅၀

၁၀။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၏ ဦးဆောင်မှုဖြင့် ဖွဲ့စည်းသည့် ပြည်သူ့ တောင်သူလယ်သမားကောင်စီ ဗဟိုအလုပ်အမှုဆောင် ကော်မတီနှင့် တောင်သူလယ်သမား အစည်းအရုံး ဗဟိုအလုပ်အမှုဆောင်ကော်မတီ တို့တွင် တာဝန်ထမ်းဆောင်ကြသော အောက်ပါ ပုဂ္ဂိုလ်များသည် ယှဉ်ပြပါ နိုင်ငံရေး လစဉ်ပင်စင်ကို ခံစားခွင့်ရှိသည်—

(က) ဥက္ကဋ္ဌ .... .... ကျပ် ၁၆၀၀

(ခ) ဒုတိယ ဥက္ကဋ္ဌ .... .... ကျပ် ၁၅၀၀

(ဂ) အတွင်းရေးမှူး .... .... ကျပ် ၁၂၀၀

(ဃ) တွဲဖက် အတွင်းရေးမှူး .... ကျပ် ၁၀၀၀

(င) ကော်မတီဝင်(အချိန်ပြည့်) .... ကျပ် ၇၀၀

၁၁။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၏ ဦးဆောင်မှုဖြင့် ဖွဲ့စည်းသည့် ပြည်သူ့ အလုပ်သမားကောင်စီ ဗဟို အလုပ်အမှုဆောင်ကော်မတီနှင့် အလုပ်သမား အစည်းအရုံး ဗဟိုအလုပ်အမှုဆောင်ကော်မတီ တို့တွင်

တာဝန်ထမ်းဆောင်ကြသော အောက်ပါပုဂ္ဂိုလ်များသည် ယှဉ်ပြပါ နိုင်ငံရေး လစဉ်ပင်စင်ကို ခံစားခွင့်ရှိသည်—

| | | |
|---|---|---|
| (က) ဥက္ကဋ္ဌ | .... | .... ကျပ် ၁၆၀၀ |
| (ခ) ဒုတိယ ဥက္ကဋ္ဌ | .... | .... ကျပ် ၁၅၀၀ |
| (ဂ) အတွင်းရေးမှူး | .... | .... ကျပ် ၁၂၀၀ |
| (ဃ) တွဲဖက် အတွင်းရေးမှူး | | .... ကျပ် ၁၀၀၀ |
| (င) ကော်မတီဝင်(အချိန်ပြည့်) | | .... ကျပ် ၇၀၀ |

၁၂။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၏ ဦးဆောင်မှုဖြင့် ဖွဲ့စည်းသည့် လမ်းစဉ်လူငယ်အဖွဲ့အစည်း၊ စည်းရုံးရေးဗဟိုကော်မတီတွင် တာဝန်ထမ်းဆောင်ကြသော အောက်ပါ ပုဂ္ဂိုလ်များသည်ယှဉ်ပြပါ နိုင်ငံရေးလစဉ်ပင်စင်ကို ခံစားခွင့်ရှိသည်—

| | | |
|---|---|---|
| (က) ဥက္ကဋ္ဌ | .... | .... ကျပ် ၁၆၀၀ |
| (ခ) ဒုတိယ ဥက္ကဋ္ဌ | .... | .... ကျပ် ၁၅၀၀ |
| (ဂ) အတွင်းရေးမှူး | .... | .... ကျပ် ၁၂၀၀ |
| (ဃ) တွဲဖက် အတွင်းရေးမှူး | | .... ကျပ် ၁၀၀၀ |
| (င) ကော်မတီဝင်(အချိန်ပြည့်) | | .... ကျပ် ၇၀၀ |

## အခန်း (၅)

### နိုင်ငံရေးပင်စင် ခံစားခြင်းနှင့် သက်ဆိုင်သည့် သတ်မှတ်ချက်များ

၁၃။ အခန်း (၂) ပါပုဂ္ဂိုလ်များသည် နိုင်ငံရေး တာဝန် ထမ်းဆောင်သည့်ကာလသတ်မှတ်ချက်မရှိပဲ နိုင်ငံရေးလစဉ်ပင်စင်ကို ခံစားခွင့်ရှိသည်။

၁၄။ အခန်း(၃)နှင့်(၄)ပါပုဂ္ဂိုလ်များသည် နိုင်ငံရေးလစဉ်ပင်စင်ကို—

(က) နိုင်ငံရေးတာဝန် ထမ်းဆောင်သော ကာလစုစုပေါင်း ၄ နှစ်ပြည့်မှသာ ခံစားခွင့်ရှိသည်၊

(ခ) နိုင်ငံရေးတာဝန်ကို ယာယီအစီအစဉ်အရ ထမ်းဆောင်ရလျှင် တာဝန်ပေးအပ်သော စုစုပေါင်းကာလ ၄ နှစ်ပြည့်မှသာ ခံစားခွင့်ရှိသည်၊

(ဂ) နိုင်ငံရေးတာဝန် ထမ်းဆောင်စဉ် ကာလတွင် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ပြီး ကျန်းမာရေးကြောင့်ဖြစ်စေ၊ ထိခိုက်ဒဏ်ရာရ၍ဖြစ်စေ၊ စည်းရုံးရေးအရဖြစ်စေ တာဝန်ဆက်လက် ပေးအပ်ခြင်းမခံရလျှင်၊ သို့မဟုတ် ကွယ်လွန်လျှင် နိုင်ငံရေးလစဉ်ပင်စင်ကို တာဝန်ထမ်းဆောင်ခဲ့သည့် ကာလသတ်မှတ်ချက် မရှိပဲ ခံစားခွင့်ရှိသည်။

၁၅။ နိုင်ငံရေးလစဉ် ပင်စင်ခံစားခွင့်ကို အသက် ၆၀ ပြည့်မှသာ စတင်ခံစားခွင့်ရှိသည်။ သို့သော် အသက် ၆၀ ပြည့်ပြီးနောက် တာဝန်ဆက်လက် ပေးအပ်ခြင်းခံရသဖြင့် လစာငွေရရှိနေလျှင် ထိုကာလအတွင်း နိုင်ငံရေးလစဉ် ပင်စင်ကို ခံစားခွင့်မရှိစေရ။

၁၆။ နိုင်ငံရေးပင်စင် ခံစားခွင့်ရှိသော ပုဂ္ဂိုလ် ကွယ်လွန်သည့်အခါတွင် ထိုသူ၏ဇနီး၊ သို့မဟုတ် ခင်ပွန်းသည်ကွယ်လွန်သူခံစားခွင့်ရှိသည့် နိုင်ငံရေး လစဉ် ပင်စင်၏ ထက်ဝက်ကို အသက်ထင်ရှားရှိသည့် ကာလပတ်လုံး ခံစားခွင့်ရှိသည်။ သို့သော် နောက်အိမ်ထောင်ပြုလျှင် ခံစားခွင့်မရှိစေရ။ ထိုခံစားခွင့်ကို ကွယ်လွန်သူ အသက် ၆၀ ပြည့်မြောက်သည့်နေ့မှ စ၍သာ ခံစားခွင့်ရှိသည်။

၁၇။ အခန်း (၃) နှင့် (၄) ပါ ပုဂ္ဂိုလ်များသည်—

(က) နိုင်ငံရေးတာဝန် ထမ်းဆောင်ခဲ့သော ကာလစုစုပေါင်း အနည်းဆုံး ၄ နှစ်ပြည့်မှသာ နိုင်ငံရေးဆုငွေ ခံစားခွင့်ရှိသည်။ ထိုခံစားခွင့်ရှိသူသည် နိုင်ငံရေးတာဝန်ဆက်လက်ပေးအပ်ခြင်း မခံရသည့်အခါမှသာ နိုင်ငံရေးတာဝန်အရ သတ်မှတ်ထားသောလစာ၏ ၄ ဆနှင့် ညီမျှသည့် နိုင်ငံရေးဆုငွေကို ထုတ်ယူခွင့်ရှိသည်၊

(ခ) နိုင်ငံရေးတာဝန်ကိုကျေပွန်စွာထမ်းဆောင်ခဲ့ပြီး ကျန်းမာရေးကြောင့်ဖြစ်စေ၊ ထိခိုက်ဒဏ်ရာရ၍ ဖြစ်စေ၊ စည်းရုံးရေးအရဖြစ်စေ တာဝန် ဆက်လက်ပေးအပ်ခြင်း မခံရလျှင်၊သို့မဟုတ်ကွယ်လွန်လျှင် တာဝန်ထမ်းဆောင်သည့် ကာလ သတ်မှတ်ချက်မထားပဲ နိုင်ငံရေး တာဝန်အရ သတ်မှတ်ထားသောလစာ၏ ၄ ဆနှင့်ညီမျှသည့် နိုင်ငံရေး ဆုငွေကို ခံစားခွင့်ရှိသည်၊

(ဂ) နိုင်ငံရေးတာဝန်ကို ယာယီအစီအစဉ်အရ ထမ်းဆောင်ရလျှင် ထမ်းဆောင်သည့်ကာလ တနှစ်လျှင် နိုင်ငံရေးတာဝန်အရ သတ်မှတ်ထားသော လစာ တလ အတွက်နှင့် ညီမျှသည့် နိုင်ငံရေးဆုငွေကို ခံစားခွင့်ရှိသည်။ သို့သော် နိုင်ငံရေးဆုငွေကို အများဆုံး ၄ လစာထက် ပို၍ ခံစားခွင့်မရှိစေရ၊

(ဃ) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် များသည် နိုင်ငံရေး တာဝန် ထမ်းဆောင်ခဲ့သော ကာလ စုစုပေါင်း အနည်း

ဆုံး ၄ နှစ်ပြည့်မှသာ နိုင်ငံရေးဆုငွေ ကျပ် ၁၀၀၀ ခံစားခွင့်ရှိသည်။ ထိုဆုငွေကို နိုင်ငံရေးတာဝန် ဆက်လက်ပေးအပ်ခြင်း မခံရသည့်အခါမှသာ ထုတ်ယူခွင့်ရှိသည်၊

(ဃ) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များသည် နိုင်ငံရေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ပြီး ကျန်းမာရေးကြောင့်ဖြစ်စေ၊ ထိခိုက်ဒဏ်ရာရ၍ဖြစ်စေ၊ စည်းရုံးရေးအရဖြစ်စေ တာဝန် ဆက်လက်ပေးအပ်ခြင်း မခံရလျှင်၊ သို့မဟုတ် ကွယ်လွန်လျှင် တာဝန်ထမ်းဆောင်သည့်ကာလ သတ်မှတ်ချက် မထားပဲ နိုင်ငံရေးဆုငွေကို ခံစားခွင့်ရှိသည်။

၁၈။ နိုင်ငံရေးပင်စင် ခံစားခွင့်ရှိသည့်ပုဂ္ဂိုလ်သည် ဤဥပဒေပါ အဖွဲ့အစည်းတခု အတွင်းတွင်ဖြစ်စေ၊ ဤဥပဒေပါ အခြားအဖွဲ့အစည်းတခုသို့ဖြစ်စေ ပြောင်းရွှေ့ တာဝန် ပေးအပ်ခြင်းခံရပါက ထိုတာဝန်အသီးသီးတွင် ထမ်းဆောင်ခဲ့သောကာလများကို တခုနှင့်တခု ပေါင်းစပ်ခွင့်ရှိသည်။

၁၉။ နိုင်ငံရေးပင်စင် ခံစားခွင့်ရှိသည့်ပုဂ္ဂိုလ်သည် နိုင်ငံရေးပင်စင်အပြင် ဝန်ထမ်းပင်စင်နှင့် စွမ်းရည်သတ္တိဘွဲ့အတွက် ရရှိသည့်လစဉ်ချီးမြှင့်ငွေတို့ကိုပါ ခံစားခွင့်ရှိသည်။

၂၀။ အောက်ပါခံစားခွင့်များ ရရှိသည့်ပုဂ္ဂိုလ်သည် ခံစားခွင့်များအနက် ကြိုက်နှစ်သက်ရာတခုကိုသာ ခံစားခွင့်ရှိသည်—

(က) ဤဥပဒေအရ ချီးမြှင့်သည့်နိုင်ငံရေးပင်စင်၊

(ခ) နိုင်ငံ့ဂုဏ်ရည်ဘွဲ့အတွက်ပေးသော လစဉ်ချီးမြှင့်ငွေ၊

(ဂ) ပြည်ထောင်စု မြန်မာနိုင်ငံ ပြည်နယ်ဦးစီးအဖွဲ့ဝင် အဖြစ်တာဝန်ထမ်းဆောင်ခဲ့သော ပုဂ္ဂိုလ်များ-လစဉ် ချီးမြှင့်ငွေပေးရေး ဥပဒေအရပေးသော လစဉ်ချီးမြှင့်ငွေ၊

(ဃ) ကျဆုံးခဲ့ပြီးသော နိုင်ငံတော် ခေါင်းဆောင်ကြီးများ၏ ဇနီးများအား ၁၉၆၃ ခုနှစ်၊ နို၀င်ဘာလမှစ၍ ပေးသည့် ပင်စင်။

၂၁။ နိုင်ငံရေးပင်စင် ခံစားခွင့်ရှိသည့် ပုဂ္ဂိုလ်သည် နောက်ဆက်တွဲ ဇယား(ခ) ပါ ပြစ်မှုတရပ်ရပ်ဖြင့် ပြစ်မှုထင်ရှား စီရင်ခြင်း ခံရပါက နိုင်ငံရေးပင်စင်ကို ခံစားခွင့် မရှိစေရ။

၂၂။ နိုင်ငံရေးလစဉ်ပင်စင် ခံစားသူသည် အသက်ထင်ရှားရှိသည့် ကာလပတ်လုံး ခံစားခွင့်ရှိသည်။ သို့သော် နောက်ဆက်တွဲဇယား(ခ) ပါ ပြစ်မှုတရပ်ရပ်ဖြင့် ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက နိုင်ငံရေးလစဉ် ပင်စင်ကို ဆက်လက်ခံစားခွင့် မရှိစေရ။

၂၃။ နိုင်ငံရေးလစဉ်ပင်စင် ခံစားသူသည် နောက်ဆက်တွဲဇယား(ခ) ပါ နိုင်ငံရေး ပြစ်မှု တရပ်ရပ်ကို ကျူးလွန်သည် ဟု ခိုင်လုံသော အထောက်အထား တွေ့ရှိလျှင် နိုင်ငံရေးအဖွဲ့အစည်းတရပ်ရပ်မှ ပုဂ္ဂိုလ် ဖြစ်ပါက မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟို အလုပ်အမှုဆောင် ကော်မတီကလည်းကောင်း၊ နိုင်ငံတော်အဖွဲ့အစည်း တရပ်ရပ်မှ ပုဂ္ဂိုလ် ဖြစ်ပါက နိုင်ငံတော်ကောင်စီက လည်းကောင်း ထိုပုဂ္ဂိုလ်၏ နိုင်ငံရေး လစဉ်ပင်စင် ခံစားခွင့်ကို ရပ်ဆိုင်းနိုင်သည်။

၂၄။ နိုင်ငံရေးပင်စင် ခံစားခွင့်ရှိသည့် ပုဂ္ဂိုလ်သည် နိုင်ငံရေးအဖွဲ့ အစည်း တရပ်ရပ်တွင် တာဝန်ထမ်းဆောင်နေစဉ် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီက သတ်မှတ်ထားသော စည်းကမ်းတရပ်ရပ် ဖောက်ဖျက် ၍ အပြစ်ပေးခံရလျှင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟို အလုပ် အမှုဆောင်ကော်မတီက သတ်မှတ်ပေးသည့်အတိုင်း နိုင်ငံရေးပင်စင် ၏ တစိတ်တဒေသကိုသာ ခံစားခွင့်ရှိသည်။

၂၅။ နိုင်ငံရေးပင်စင် ခံစားခွင့်ရှိသည့် ပုဂ္ဂိုလ်သည် နိုင်ငံတော်အဖွဲ့ အစည်းတရပ်ရပ်တွင် တာဝန်ထမ်းဆောင်နေစဉ် ထိုအဖွဲ့အစည်းအတွက် သတ်မှတ်ထားသော စည်းကမ်းတရပ်ရပ် ဖောက်ဖျက်၍ အပြစ်ပေးခံ

ရလျှင် နိုင်ငံတော်ကောင်စီက သတ်မှတ်ပေးသည့်အတိုင်း နိုင်ငံရေးပင်စင်၏ တစိတ်တဒေသကိုသာ ခံစားခွင့်ရှိသည်။

၂၆။ နိုင်ငံရေးပင်စင်အပေါ်တွင် ဝင်ငွေခွန်စည်းကြပ်ခြင်း ကင်းလွတ်စေရမည်။

၂၇။ နိုင်ငံရေးပင်စင်ကို မည်သည့်တရားစီရင်ရေးအဖွဲ့ကမျှ ဝရမ်းကပ်ခြင်း၊ သိမ်းယူခြင်း မရှိစေရ။

၂၈။ ဤ ဥ ပ ဒေ အ ရ ခံစားခွင့်ပြုသည့် နိုင်ငံရေးလစဉ်ပင်စင်နှင့် နိုင်ငံရေးဆုငွေကို ၁၉၇၀ ပြည့်နှစ် နိုဝင်ဘာလ ၁ ရက်နေ့မှ စတင်၍သာ ခံစားခွင့်ပြုသည်။

# အခန်း (၆)

## အထွေထွေ

၂၉။ နိုင်ငံတော်ကောင်စီသည် နိုင်ငံရေးပင်စင် ခံစားခွင့်ရှိသည့်ပုဂ္ဂိုလ်တဦးဦးအား နိုင်ငံရေးလစဥ်ပင်စင်နှင့် နိုင်ငံရေးဆုငွေတို့အပြင် အခြားထောက်ပံ့မှုများကိုလည်း ခွင့်ပြုနိုင်သည်။

၃၀။ နိုင်ငံရေးပင်စင် ချီးမြှင့်ထိုက်သည့် အခြား အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များကို နိုင်ငံတော်ကောင်စီသည် အခါအားလျော်စွာ ဖြည့်စွက်နိုင်သည်။

၃၁။ ဤဥပဒေအရ နိုင်ငံရေးပင်စင် ခံစားခွင့်ပြုခြင်း၊ မပြုခြင်းနှင့် ပတ်သက်၍ အကြောင်းထူးကိစ္စ တရပ်ရပ်ပေါ်ပေါက်လျှင် နိုင်ငံရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များအတွက် မြန်မာ့ဆိုရှယ်လစ် လမ်းစဥ် ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ ဆုံးဖြတ်ချက်အရ လည်းကောင်း၊ နိုင်ငံတော်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များအတွက် နိုင်ငံတော်ကောင်စီ၏ ဆုံးဖြတ်ချက်အရ လည်းကောင်း ဆောင်ရွက်ရမည်။

၃၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ထမြောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ နိုင်ငံတော်ကောင်စီသည် အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

## ဗိုလ်ချုပ် အောင်ဆန်း စတင် ခေါင်းဆောင်သော အစိုးရအဖွဲ့တွင် နိုင်ငံရေး တာဝန်ကြီးများကို ထမ်းဆောင်ခဲ့သော ပုဂ္ဂိုလ်များ

၁။ လွတ်လပ်ရေး မရမီ ၁၉၄၆ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့မှ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့အထိ ကာလ—

(က) ဗိုလ်ချုပ် အောင်ဆန်း
(ခ) သခင် မြ
(ဂ) မန်းဘခိုင်
(ဃ) မဟာ့ဘာ အော၊ ရာဇတ်
(င) ဦးဘချို
(စ) စဝ်စံထွန်း
(ဆ) ဦးဘဝင်း
(ဇ) ဦးတင်ထွဋ်
(ဈ) ဆရာ မောင်ကြီး
(ည) ဦးသိန်းဖေ
(ဋ) သခင် ဗစိန်
(ဌ) ဦးဘဖေ
(ဍ) စောစံဘိုးသင်
(ဎ) ဦးအောင်ဇံဝေ
(ဏ) ဦးမြ(ပျော်ဘွယ်)
(တ) ဦးဘဂျမ်း
(ထ) ဦးကျော်ငြိမ်း

၂။(ဂ) လွတ်လပ်ရေး မရမီ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက် နေ့မှ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့အထိ ကာလ—

(က) ဦးနု
(ခ) ဦးတင်ထွဋ်
(ဂ) ဦးကျော်ငြိမ်း
(ဃ) ဦးမြ (ပျော်ဘွယ်)
(င) စောစံဘိုးသင်
(စ) ဦးဘဂျမ်း
(ဆ) ဦးအောင်ဇံဝေ
(ဇ) စဝ်ခွန်ချို
(ဈ) ဦးမြ (ဟင်္သာတ)
(ည) မန်းဝင်းမောင်
(ဋ) သခင် တင်
(ဌ) ဗိုလ်ဖိုးကွန်း
(ဍ) သခင် လွန်းဘော်

## ပုဒ်မ ၂၁၊ ၂၂ နှင့် ၂၃ တို့တွင် အကျုံးဝင်သည့်ပြစ်မှုများ

(က) နိုင်ငံရေးပြစ်မှုများ

(၁) မတရားအသင်း အက်ဥပဒေအရ ပြစ်မှုများ၊
(၂) နိုင်ငံတော် သစ္စာဖောက်ဖျက် ပုန်ကန်မှု (ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၁၂၂)၊
(၃) အကြည်ညို ပျက်အောင် ပြုလုပ်မှု (ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၁၂၄-က)၊
(၄) နိုင်ငံတော်ကို ဦးဆောင်သော လမ်းစဉ်ပါတီအား ကာကွယ်သည့် ဥပဒေအရ ပြစ်မှုများ၊
(၅) နိုင်ငံတော်အား နှောင့်ယှက် ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ် စောင့်ရှောက်သည့် ဥပဒေအရ ပြစ်မှုများ၊
(၆) ပြည်သူ့လွှတ်တော် နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ် တင်မြှောက်ခြင်း ဆိုင်ရာ ဥပဒေအရ ပြစ်မှုများ၊
(၇) ၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ် စီးပွားရေး စနစ် တည်ဆောက်မှု အတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေအရ ပြစ်မှုများ။

(ခ) အကျင့်စာရိတ္တ ပျက်ပြားခြင်းနှင့် ပတ်သက်သော ပြစ်မှုများ

(၁) ခိုးမှု၊
(၂) လုယက်မှု၊
(၃) ဒမြတိုက်မှု၊

(၄) လိမ်လည်မှု၊

(၅) အလွဲသုံးစားမှု၊

(၆) မယားခိုးမှု၊

(၇) မုဒိမ်းမှု၊

(၈) ပြည့်တန်ဆာ အက်ဥပဒေအရ ပြစ်မှု၊

(၉) အဂတိလိုက်စားမှု၊

(၁၀) ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေအရ ပြစ်မှုများ၊

(၁၁) လောင်းကစား အက်ဥပဒေအရ ပြစ်မှုများ၊

(၁၂) ပြည်သူပိုင် ပစ္စည်းကာကွယ်ရေး အက်ဥပဒေအရ ပြစ်မှုများ၊

(၁၃) ကျော်နင်းမှုနှင့် အကျုံးဝင်သော ပြစ်မှုများ၊

(၁၄) အမျိုးသမီး ကာယိန္ဒြေပျက်စီးစေရန် အကြံနှင့် လက်ရောက်မှု၊ သို့မဟုတ် အနိုင်အထက်ပြုမှု။

(ဂ) နိုင်ငံတော်ကောင်စီက အခါအားလျော်စွာ သတ်မှတ်ကြေငြာသောပြစ်မှုများ။